# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 1 , 2025 Volume 95, Number 1

၁. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၇.၅၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၈.၈၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၃.၅၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၄ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### သီတင်းကျွတ်ကာလတွင် ပဲ၊ နှမ်းဈေးကွက် ပုံမှန်အရောင်းအဝယ်ရှိ




သီတင်းကျွတ်ကာလတွင် ပဲ၊နှမ်းဈေးကွက်ပုံမှန်သာအရောင်းအဝယ်ရှိနေသော်လည်း ပို့ကုန်ပဲများ ဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

နိုင်ငံခြားငွေဈေးကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများဈေးကျဆင်းနေကြောင်း၊ မြေပဲဆီဆန်နှင့်မြေပဲလုံးဆန်များမှာ ဆီစက်ပိုင်များ ဝယ်ယူမှုနည်းလာတာကြောင့် ဈေးအနည်းငယ် ပြန်လည်ကျဆင်းနေကြောင်း ပဲ၊ နှမ်း ကုန်သည် ဦးကျော်သွင်ကပြောသည်။

"သီတင်းကျွတ်ကာလဖြစ်ပေမဲ့ ပြည်တွင်းဒေါ်လာဈေးတည်ငြိမ်တော့ ပို့ကုန်ပဲတွေရော၊ ပြည်တွင်းသုံးပဲတွေရော ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်း နေပါတယ်။ ပြည်တွင်း ဆီစက်တွေက ဆီကြိတ်ခွဲနိုင်မှုနည်းတော့ မြေပဲဆန်ဝယ်ယူမှုနည်းလာတော့ ဈေးအနည်းငယ်ပြန်ကျနေတာပါ။ လက်ရှိ ပဲ၊ နှမ်းဈေးကွက်ကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိပါတယ် ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၄ ရက်တွင် ပို့ကုန်ပဲများတွင် ပဲစင်းငုံနှင့်မတ်ပဲမှာ ဈေးအနည်းငယ် ကျဆင်းမှုရှိသော်လည်း ပဲတီစိမ်းမှာ ဝယ်လိုအားကောင်းလာ၍ ဈေးမြင့်တက်လာရာ ပဲစင်းငုံပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ မတ်ပဲပိသာ ၆၀ တစ်အိတ် လျှင် ငွေကျပ် ၂၇၀,၀၀၀၊ပဲတီစိမ်း(အညာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀ အထိ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေရာ V2 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်

လျှင် ငွေ ကျပ် ၂၂၈,၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၂,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ စက်တင်ဘာ ၂၄ ရက် တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ ကျွန်းစားတော် ပဲ(မျိုး) တစ်အိတ်လျှင် ငွေကျပ် ၇၂၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၂၀,၀၀၀၊ ပဲထောပတ် (သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၇၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ စက်တင်ဘာ ၂၄ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၅,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၁၀,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၂,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၂,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀၊ မြေပဲဆီ တစ်ပိဿာ လျှင် ငွေကျပ် ၁၅,၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ အသီးသီး ပေါက်ဈေး ရှိနေသည်။

စက်တင်ဘာလနောက်ပိုင်း ဧရာဝတီမြစ်၊ ကျွန်းစိုက်ခင်းများတွင် ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြရာ ယခုအချိန်တွင် ရေစတင် ကျဆင်းနေပြီဖြစ်၍ ဈေးကွက်ဝင် ပဲမျိုးများကို တောင်သူများ ရွေးချယ်စိုက်ပျိုးကြရာ ဈေးကောင်းရရှိသည့် ကျွန်းစားတော်ပဲ၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲနီပြာတို့ကို စိုက်ပျိုးနိုင်ရန် မျိုးဝယ်ယူမှုများ ရှိနေချိန်ဖြစ်သည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်း ပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလိုဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများ ကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

https://htwettoe.com/

## ပြည်တွင်းထုတ် ဓာတ်ဆီများကို ပြည်သူများထံသို့ ရောင်းချသွားမည်



စွမ်းအင်ဝန်ကြီးဌာန မြန်မာရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ကို ၂၀၂၃ ခုနှစ်က စက်ချွတ်ယွင်း၍ ရပ်ဆိုင်းခဲ့ရသော်လည်း ယခုအခါ စက်ရုံကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြင်ဆင်ဆောင်ရွက်ပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံမှထုတ်လုပ်သည့် ဓာတ်ဆီ(RON 77 )ကိုလည်း တစ်လီတာကျပ် ၂၂၄၅ ကျပ်နှုန်းဖြင့် နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ် ဝ၃၅၄ တွင် အောက်တိုဘာ (၁)ရက်မှ စတင်ကာ အများပြည်သူသို့ လွတ်လပ်စွာရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

စက်သုံးဆီဈေးနှုန်းမြင့်မားမှုကို တစ်ဖက်တစ်လမ်းမှ လျှော့နည်းသက်သာစေရန် ရည်ရွယ်၍ ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်) မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) ကိုလည်း ယခုနှစ် ဇန်နဝါရီလမှ စတင်ကာ တစ်လီတာ ငွေကျပ်၂၂၀၀ နှုန်းဖြင့် မြန်မာရေနံဓာတုဗေဒလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချပေးနေကြောင်းလည်း သိရသည်။

ထို့ကြောင့် နေပြည်တော် စက်သုံးဆီအရောင်းဆိုင် အမှတ် ဝ၃၅၄ တွင် ပြည်တွင်းထုတ်ဓာတ်ဆီများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ပြီးဖြစ်ကြောင်းလည်း သိရသည်။

**Source : Popular News Journal**

## ကျိုက်လတ်မြို့နယ်မှထွက်ရှိသော ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသော ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ကျိုက်လတ်မြို့နယ်၌ စက်တင်ဘာလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန်စသည့်မြို့များက ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"လက်ရှိမှာ ငါးမြွေထိုးခြောက်တွေ အရောင်းသွက်နေတယ်။ ရန်ကုန်ဈေးကွက်က ငါးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနယ်ပယ်အသီးသီးကသူတွေလည်း အဆင်ပြေလာပါတယ်"ဟု ၎င်းက ပြောသည်။

ကျိုက်လတ်မြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး အချိုအငန်စပ်၍ စနစ်တကျအခြောက်လှန်းကာ စားသုံးရန်အဆင့်အထိပြုလုပ်ပြီး ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဘားအံမြို့ရှိ ဈေးကောင်းရနေသော သံပရာသီး



ကရင်ပြည်နယ်၊ ဘားအံမြို့၏ဈေးကွက်တွင်ရာသီပေါ် သံပရာသီးများ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

သံပရာသီးကို ဘားမြို့အနီးတဝိုက်ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

ဘားအံမြို့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော သံပရာသီးများမှာ ဘားအံမြို့အနီးရှိကျေးရွာများနှင့်ကြာအင်းဆိပ်ကြီး၊မော်လမြိုင်၊ ရေးမြို့တို့မှဖြစ်သည်။ မြန်မာသံပရာသီးအိတ်ကြီး တစ်အိတ်လျှင် ၂၅၀,၀၀၀ ကျပ်ဖြစ်ပြီး တစ်အိတ်တွင်အလုံးရေ ၁၆၀၀ မှ ၁၇၀၀ ထိပါသည်။

သံပရာသီး အလုံးချော (အကြီး) တစ်လုံးလျှင် ၃၀၀ ကျပ်၊ အနေတော်တစ်လုံးလျှင် ၂၀၀ ကျပ် နှင့် ယိုးဒယားမျိုးစပ် သံပရာသီး သံပရာသီးအလုံး ချော(အကြီး)တစ်လုံးလျှင် ၂၅၀ ကျပ်၊ အနေတော်တစ်လုံးလျှင် ၂၀၀ကျပ်၊ သံပရာသီးအလုံးချော (ငယ်) တစ်လုံးလျှင် ၁၅၀ ကျပ် ၇လုံး ၁၀၀၀ ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်နေသောကြောင့် သံပုရာစိုက်တောင်သူများအနေဖြင့် ယခုနှစ် တွင် ဈေးကောင်းရ၍တွက်ချေကိုက်လျက်ရှိကြောင်း၊ သံပရာသီး၊ ရှောက်သီးကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်တွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

**Source : DOCA(ကရင်)**

https://www.doca.gov.mm/

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထား



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးဧက ၃၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ပဲကြီး ၃၇၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲကြီး ၃၇၄၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေအချိန်မီရရှိရေး၊ အထွက်နှုန်း ကောင်းတဲ့မျိုးတွေရရှိရေး၊ အရည်အသွေး ပြည့်မီစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ စိုက်ပျိုးရေးနည်းပညာနဲ့ ပိုးမွှားရောဂါကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ ကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲကြီးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ပဲကြီးကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သည့်အတွက်ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## တရုတ်နိုင်ငံ၏ သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ အာဆီယံဈေးကွက်တွင် လူကြိုက်များလာ



တရုတ်နိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို အိမ်နီးချင်းနိုင်ငံများရှိ ဈေးကွက်များသို့ ပို့ဆောင်လျက်ရှိသည်။

မကြာသေးမီနှစ်များအတွင်း ယူနန်မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် အာဆီယံဈေးကွက်များတွင် လူကြိုက်များလာခဲ့သည်။

စပျစ်သီး၊ လိမ္မော်သီး၊ မှိုနှင့်အခြားအထူးထုတ်ကုန်များသည် အဓိကတင်ပို့ကုန်အဖြစ် ဦးဆောင်နေသည်။

ဟင်းသီးဟင်းရွက်များ ကာလကြာရှည်စွာ ရောင်းချခဲ့သော တရုတ်ကုန်သည်တစ်ဦးက မြန်မာနိုင်ငံတွင် တရုတ်သီးနှံများသည် အမျိုးအစားစုံလင်မှုနှင့်အရည်အသွေးကောင်းမွန်မှုကြောင့် ဝယ်လိုအားကောင်းနေကြောင်းပြောကြားခဲ့သည်။

ကူမင်းအကောက်ခွန်ဌာန၏ အဆိုအရ ယူနန်၏အာဆီယံနှင့်စိုက်ပျိုးရေးကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်ပထမနှစ်ဝက်တွင် ယွမ် ၁၈ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂ ဘီလီယံခန့်) ရှိခဲ့သည်။ ၎င်းသည် ယခင်နှစ်ကထက် ၂၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ယူနန်ပြည်နယ်သီးနှံများသည် အာဆီယံနိုင်ငံများ၏ ထုတ်လုပ်မှုစက်ဝန်းများကို ဖြည့်ဆည်းပေးပြီး ရာသီအလိုက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသည်။ ထိုင်းနိုင်ငံရှိ သစ်သီးဆိုင်များမှ အင်ဒိုနီးရှား ဈေးဝယ်စင်တာများအထိ စပျစ်သီး၊ ရှောက်သီးနှင့် ပန်းသီးများ တင်သွင်းရောင်းချနေကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၈ လ အတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၈ မီလီယံကျော်ရရှိ



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၈ လအတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၈ သန်း ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့်တူညီနေကြောင်း စက်တင်ဘာလ ၁၁ ရက်နေ့ကထုတ်ပြန်သောတရားဝင်အချက်အလက်များအရ သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ-ဩဂုတ်လ ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ကုန်စည်တန်ချိန် ၁၈၃,၉၁၀ တန် တင်ပို့ခဲ့ကြောင်း၊ ယင်းသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၀၉,၇၃၃ တန်မှ ၁၂ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း ရော်ဘာလုပ်ငန်းညွှန်ကြားရေးဌာနမှ ပြောကြားခဲ့သည်။

ပြည်တွင်းရော်ဘာစေးသုံးစွဲမှုသည် ပထမ ၈ လအတွင်း ၈၉ ရာခိုင်နှုန်း သိသိသာသာ မြင့်တက်လာပြီး တန်ချိန် ၇၅,၅၂၃ တန် အထိ ရောက်ရှိခဲ့သည်။ ပြည်တွင်းရောင်းချမှုမှ ဒေါ်လာ ၁၃၇ သန်းခန့် စုစုပေါင်း ဝင်ငွေရရှိကြောင်း သိရသည်။

ရော်ဘာစေးတစ်တန်သည် ပျမ်းမျှအားဖြင့် ၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၇၈၆ ရှိပြီး ၂၀၂၄ ခုနှစ် အလားတူကာလထက် ဒေါ်လာ ၂၂၀ ခန့် ပိုများသည်ဟု ရော်ဘာလုပ်ငန်းညွှန်ကြားရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် Khun KaKada ကပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာစေးကို အဓိကအားဖြင့် မလေးရှား၊ ဗီယက်နမ်၊ စင်္ကာပူနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (1.10.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 30th Sep. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,742 (Shares) | 28,465,900 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | +0 | +0.00% | 8,000 | 8,000 | 7,900 | 211 | 1,682,700 | 33,109,694 | 261,567 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 2,259 | 7,680,600 | 38,929,150 | 132,359 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 2,750 | +50 | +1.85% | 2,650 | 2,750 | 2,650 | 1,920 | 5,279,000 | 29,664,613 | 81,578 |
| TMH | 00005 | 2,650 | -100 | -3.64% | 2,750 | 2,750 | 2,650 | 1,267 | 3,368,550 | 12,823,224 | 33,982 |
| EFR | 00006 | 1,950 | +50 | +2.63% | 1,900 | 1,950 | 1,900 | 2,276 | 4,373,200 | 19,977,223 | 38,956 |
| AMATA | 00007 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 225 | 731,250 | 10,497,598 | 34,117 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,350 | 1,579 | 5,308,600 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 30th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.09 | +0.56 | +0.14% | 397.87 | 400.52 | 397.77 | 9,742 | 28,465,900 | 8 | 750,864 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 10,087 (Shares) | 29,382,700 (MMK) |

## Main Board

As of 1:00 pm, 30th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,742 (Shares) | 28,465,900 (MMK) |

| MYANPIX | 398.09 ▲ 0.56 |
|---|---|
| Total Volume (shares) | 9,742 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 750,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 2,750 | ▲ 50 |
| TMH | 00005 | 2,650 | ▼ 100 |
| EFR | 00006 | 1,950 | ▲ 50 |
| AMATA | 00007 | 3,250 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |